
ဗေဒါကောမှ အညိုးအာ
ကြည်မင်း

# ပေဒါတော

မိုးသည် ခပ်စိပ်စိပ် ရွာနေ၏ ။

အောင်မောင်း ခပ်သုတ်သုတ် လမ်းလျှောက်လာသည်။ ဂျပန်ဖိနပ်မှတစ်ဆင့် မိုးကာအကျီသို့ လာကပ်သော ရွှံ့စက်တို့၏ တဖတ်ဖတ်အသံသည် မိုးပေါက်များ ၏ အသံနှင့် ရောထွေးလာနေ၏ ။ လမ်းကား ရွှံ့ဗွက်ထူလှသည်။ သို့သော် ရွှံ့ဗွက်တို့ကို ဂရုမစိုက်ဘဲ ခပ်သုတ်သုတ် လျှောက်လာသည်မှာ ကူးတို့ဆိပ်ရောက်မှ ရပ်တော့၏ ။

အောင်မောင်းတို့ နေရပ်ကား ပုသိမ်မြို့ ၏ တစ်ဖက်ကမ်း ဖြစ်သောကြောင့် ပုသိမ်ဘက်သို့ သွားလိုလျှင် လှေစီးရသည်။ ကူးတို့ ဆိပ်တွင် လှေမရှိသေး။ ပေဒါများ ကြားတွင် တိုးနေဆဲ။

အောင်မောင်းလည်း ကမ်းစပ်တွင် ခြေထောက်ကို စိတ်ပြေနပြေဆေးရင်း မြစ်ပြင်ကို ကြည့်မိသည်။ ပေဒါကျနေသည်မှာ တစ်လခန့် ရှိလေပြီ။ မြစ်တစ်ပြင်လုံးကို ပေဒါတောက ဖုံးအုပ်ထားသောကြောင့် စိမ်းလန်းနေသော မြက်ခင်းကြီးပမာ မြင်နေရသော ဝေနမြစ်ပါတည်း။ ခပ်ဝေးဝေးက ကြည့်လိုက်လျှင် မြစ်တစ်ပြင်လုံး ငြိမ်နေသည်ဟု ထင်ရတတ်၏ ။ အနီးကပ်ကြည့်မှ အညာမှာ အကြေသို့ စုန်ဆင်းနေကြသော ပေဒါပင်များ ကို တွေ့ရသည်ဖြစ်၏ ။

တရွေ့ရွေ့လာနေသော လှေကိုကြည့်ရင်း အောင်မောင်းသည် အကျီအိတ်ထဲသို့ ပြန်စမ်းကြည့်လိုက်၏ ။ ပိုက်ဆံစုစုပေါင်း နှစ်ကျပ်နှင့် သုံးဆယ့်ငါးပြား၊ နှစ်ကျပ်ကား ခေါက်ဆွဲကြော်တစ်ထုပ်ဝယ်ရန်၊ သုံးဆယ့်ငါးပြားကား စရိတ်၊ အောင်မောင်း၏ ညီငယ်မှာ အဖျားကျပြီး နာလန်ထစဖြစ်၍ ခေါက်ဆွဲကြော်စားချင်နေသည်။ ညီငယ်ကို ချစ်သောကြောင့် အောင်မောင်းလည်း မငြင်းမဆန် ထွက်လာခဲ့၏ ။

အချိန်ကား ငါးနာရီ ထိုးလုလု။

ရုံးဆင်းချိန်ဖြစ်၍ ကူးတို့ကူးကြသူ များ လျှ၏ ။ မိုးရွာသော်လည်း အချို့ မှာ

ထီးမဆောင်းကြရ။ ရရာဝါးလုံးတို့ ပျဉ်ပြား စသည့်တို့ဖြင့် ဗေဒါကြားမှ လွတ်မြောက်ရေးအတွက် ကူညီကြရ၏ ။ လှေဦးမှ ဗေဒါခွဲသူက ခွဲသည်။ ဝါးလုံးတိုများ ၊ ပျဉ်ပြားများ ဖြင့် ယက်သူက ယက်သည်။ လှေသမားကြီးကမူ လှော်တတ်ဖြင့် ခတ်လျက်။ ကူးတို့လှေမှာ ငှက်လှေဖြစ်၍ ဝိုင်းဝိုင်းသဏ္ဌာန်ရှိသောကြောင့် ဗေဒါတိုးရာတွင် မတွင်ကျယ်။ ဝမ်းလုံးပြီး ကိုယ်လျားရှည်သော ကူးတို့လျားများ ကသာ ဤနေရာတွင် ပို၍ အသုံးဝင်၏ ။

အမြင်နီးသော ကူးတို့လှေမှာ လည်း ဗေဒါကြောင့်ကမ်းသို့ မရောက်နိုင်သေး။ ဆယ်မိနစ်ခန့်ကြာမှပင် ကူးတို့လှေသည် ကမ်းသို့ ကပ်လေတော့သည်။ ကူးတို့လှေ ကမ်းသို့ ကပ်လျှင် ကျောင်းသားများ က ခတ်တတ်ကို ပစ်ချ၍ လွယ်အိတ်ကို လွယ်၏ ။ ရုံးသမားများ ကလည်း ဝါးလုံး ပျဉ်တို စသည်တို့ကို ပစ်ချကာ လွယ်အိတ်ကို လွယ်၏ ။ ပြီးလျှင် တစ်ယောက်ပြီးတစ်ယောက် ကမ်းပေါ်သို့ တတ်သွားကြလေရာ နောက်ဆုံးတွင် မောပန်းနေသော လှေသမားကြီးတစ်ယောက်တည်းသာ ကျန်ခဲ့တော့သည်။

လှေသမားကြီးအမောပြေဆေးလိပ်သောက်နေစဉ် အောင်မောင်တို့လည်း လှေပေါ်သို့တတ်ကြသည်။ လှေမထွက်သေး။ ခပ်လှမ်းလှမ်းမှ လာနေသော လူနှစ်ယောက်ကို စောင့်နေ၏ ။ အဖော်လိုသည်တကား။

လှေကမ်းစပ်မှခွာလျှင်ပင် မိုးသည်းလာလေသည်။ မိုးကာ ဝတ်ထားသော အောင်မောင်းတစ်ယောက်သာ ဗေဒါတိုးရန်အတွက် တော်တော် ကူညီနိုင်သည်။ ကျန်လူများ လည်း အသီးသီးတတ်နိုင်သည်ဘက်မှ ကူညီကြပါ၏ ။ သို့သော် ထီးတစ်ဖက်နှင်း မို့ သိပ်မထိရောက်။ အောင်မောင်းက ပျဉ်ပြားတစ်ချပ်နှင့် လှေဦးမှ လှော်၏ ။

အားကြိုးမာန်တတ်လှော်ရသဖြင့် ဗေဒါတစ်သိုက်ပြီး တစ်သိုက်ကို ကျော်တတ်လာနိုင်ခဲ့သည်။ ဗေဒါအနည်းငယ်ပါးသော နေရာသို့ အရောက်တွင် အောင်မောင်းသည် ခေတ္တအမောဖြေရင်း ကမ်းသို့ မြင်ကြည့်လိုက်မိ၏ ။ အလို.........။

"ဟာ.....ရေစီးနောက် အတော်ပါ သွားပါလား"

"အေးပါကွ၊ တို့ကသာ ဗေဒါကြားထဲမှာ ရုန်းရင်းနဲ့အချိန်ကုန်လို့ ကုန်မှန်းမသိ၊

ရေစီးနောက် ပါလို့ပါမှန်းမသိ ဖြစ်နေတာ၊ ရေစီးကတော့ မနေဘူးကွဟေ့၊ ဆွဲသွားတာပဲ၊ ဩော်.....ဒုက္ခ....ဒုက္ခ"

အသက်ကြီးပြီးဖြစ်သော ဘကြီးတစ်ယောက်က အောင်မောင်းကို ရှင်းလင်းပြရင်း တရားရနေ၏ ။ အောင်မောင်း၏ ငယ်နုသော နှလုံးသားထဲသို့ တရားသဘောကား စိမ့်ဝင်မလာ။ သည်အတိုင်းသာ ရေစီးနောက်ပါနေလျှင် ဟိုဘက်ကမ်းရောက်သည့်အခါ ကူးတို့ဆိပ်အောက် မိုင်ဝက်လောက်မှာ သွားကပ်လိမ့်မည်ဟူသော သင်္ချာသဘောကသာ စိမ့်ဝင်လာနေ၏ ။

အမှတ်မထင် ဗေဒါရိုးရှည်တစ်ဖောင်ကို လက်နှင်းလှမ်းဆွဲလိုက်ရာ ဖြူဖျော့ဖျော့ မြွေတစ်ကောင်ကို အခွေလိုက်တွေ့လိုက်ရ၏ ။ လှေထဲမှ လူများ က မြွေပွေး.......မြွေပွေး ဟု အော်ကြ၍ ဗေဒါဖောင်ကိုလွှတ်ချလိုက်ရ၏ ။ မြွေပွေးကိုက်လျှင် ဆေးမမီဟု ကြားဖူးထားသဖြင့် အောင်မောင်း ရင်တွေပန်းတွေတုန်းနေ၏ ။

ဗေဒါများ ပြွတ်သိပ်ညှက်နေသော နေရာသို့ ရောက်ရပြန်လေပြီ။ ရှေ့ဗေဒါကို ဖယ်လျှင် နောက်ဗေဒါက ကျပ်လိုက်လာ၏ ။ လမ်းချောင်ပြီ ထင်၍ စွတ်လိုက်ပြန်လျှင်လည်း တစ်နေရာတွင် ချောင်ပိတ်မိနေတတ်ပြန်သည်။ ရေစီးသန်သန် လေထန်ထန်တွင် ကြုံ တွေနေရသော ဒုက္ခကား ကြီးမားလှသည်။ ကို ရွှေမိုးက ကျဲသွားပြန်၍ သာ တော်တော့သည်။ အောင်မောင်းက လှေဦးမှ လှော်သည်။ လှေဆရာကြီးက ပဲ့မှခတ်သည်။ ကျန်လူများ ကလည်း ရရာပစ္စည်းတို့ဖြင့် လှော်နေကြသည်။မှာ ဘုန်းကြီးပျံ လှေပြိုင်ပွဲများ မှ လောင်းလှေများ လားဟု ထင်စရာ။ ဤသို့ နှင့် ငါးနာရီခွဲမှ ကျော်ကျော်တွင်မှ တစ်ဖက်ကမ်းသို့ ရောက်ခဲ့ရ၏ ။

မိုးသည် ခပ်စိပ်စိပ် ရွာလာပြန်သည်။ မိုးကားခြုံ၍ လျှောက်ရင်း အပြန်ခရီး ခက်မည်ကို အောင်မောင်း စဉ်းစားမိ၏ ။ ခေါက်ဆွဲကြော်ဝယ်ပြီး၍ မှ တစ်ဖက်ကမ်းသို့ ပြန်မကူးနိုင်လျှင် ခက်ပေမည်။ စားချင်လှ၍ စောင့်နေမည်ဖြစ်သော ညီငယ်၏ မျက်နှာကို မြင်ယောင်မိသည်။ ထို့ကြောင့်ပင် အောင်မောင်းသည် ခပ်မြန်မြန် လျှောက်မိပြန်သည်။

ခေါက်ဆွဲဆိုင်အတွင်းတွင် လူများ လှ၏ ။ ညနေစောင်းပြီးဖြစ်သောကြောင့်

ရုံးဆင်းလာသူများ၊ အလုပ်ခွင်မှ ဆင်းလာသူများ ဖြင့် ဆိုင်ပြည့်နေ၏ ။ အလုပ်ပင်ပန်းသည်ကို အရက်ဖြင့် ဖြေဖျောက်သူနေကြသူများ လည်းရှိ၏ ။ အရက်ကို ဇိမ်ခံသောက်ရင်း အလုပ်ခွင်မှ အဆင်မပြေမှု များ ကို တစ်သီတစ်တန်း ဖောက်သည်ချနေကြ၏ ။ သူတို့ကား သူတို့အပူအတွက် ရင်ပွင့်နေကြခြင်း ဖြစ်သည်။ အောင်မောင်းအဖို့ကား ဤကိစ္စများ သည် စိတ်ဝင်စားဖွယ်မဟုတ်။တစ်ဖက်ကမ်းသို့ ပြန်ကူးနိုင်ရေးသည်သာ အဓိက။

လူများ လွန်းသဖြင့် တော်တော်ကြီးကြာအောင် စောင့်ပါမှ ခေါက်ဆွဲရတော့သည်။ ဆီစိမ့်ယိုသော ပူပူနွေးနွေးခေါက်ဆွဲကြော်ထုပ်ကို မြင်လိုက်ရသည်ဆိုလျှင်ပင် စောစောက စိတ်ပျက်ခဲ့သည်များ ပျောက်သွားခဲ့၏ ။ ခေါက်ဆွဲရပြီး နောက် ကမ်းနားဘက်သို့ မြန်မြန်ပြန်လျှောက်ခဲ့သည်။ အချိန်မှာ ခြောက်နာရီခွဲကျော်ပြီဖြစ်သောကြောင့် လမ်းမီးများ ပင် ပွင့်နေပြီ။

ကူးတို့ဆိပ်ရောက်ပြီ။ ကူးတို့သမားများ လည်း ကူးတို့ရုံးအတွင်းတွင် အနားယူနေကြ၏ ။

"ကူးတို့လှေတွေ ဘယ်မှာ ဆိုက်ပါသလဲ ခင်ဗျာ"

အောင်မောင်းက အလောတကြီး မေးလိုက်မိ၏ ။

"ဗေဒါပိုကျလာလို့ ဟောဟိုဘက်က သင်္ဘောဆိပ်မှာ ဆိုက်ကြတယ်၊ သွား....သွား...........မြန်မြန်သွား"

အောင်မောင်းလည်း ကူးတို့ခ ဆယ်ပြားပေးပြီး မြန်မြန် ပြေးထွက်လာခဲ့၏ ။ သို့ သော်......

သို့ သော် သူနောက်ကျသွားပေပြီ။ ဗေဒါတောစိမ်းစိမ်းထဲသို့ ဝင်ရောက်လျက် ကွယ်သွားသော နောက်ဆုံးကူးတို့၏ ဖင်ပိုင်းကိုသာ မြင်လိုက်ရတော့၏ ။ ကဲ....ခက်ပြီ။ အိမ်သို့ ပြန်နိုင်ပါတော့မည် လော။ ဝယ်လာသော ခေါက်ဆွဲထုပ်ကို ဖွင့်စားပြီး သင်္ဘောတစ်စင်းစင်း ပေါ်တတ်အိပ်လိုက်ရန်သာ ရှိတော့သည်။

မောလှပြီ။ မြန်မြန်လမ်းလျှောက်ရ၊ ပြေးလွှားပြီးနောက် နောက်ဆုံး ကူးတို့ကို လွတ်သွားရ၍ ဖြစ်သည်။ နေ့ခင်းကတည်းက ဘာမျှမစားရသေးသဖြင့်လည်း ဆာလှပြီ။

သူနှင့်အတူ နောက်ဆုံးကူးတို့ လွတ်သွားသူ သုံးလေးယောက်၏ အရိပ်အခြေကို ကြည့်မိ၏ ။ အားလုံးမှာ စိတ်ပျက်လက်ပျက်ဖြစ်နေကြ၏ ။ ထိုစဉ် သင်္ဘောဆိပ်ပေါ်သို့ လူတစ်ယောက်လှမ်းတတ်လာပြန်သည်။ အောင်မောင်းတို့ လူစုအနီး ရောက်လာသောအခါထိုသူက စတင်၍ မေးလိုက်၏ ။

"ကူးတို့ ရှိသေးလား"

"မရှိတော့ဘူး"

"ဟိုက်.....ဒုက္ခပဲ၊ ခင်ဗျားတို့ ဘာမှမလုပ်ကြတော့ဘူးလား"

"ဘာလုပ်ရမှန်း မသိဘူးဗျာ"

အောက်ဘက်မှာ ကူးတို့ဆိပ်တစ်ခုရှိသေးသည်။ သွားကြရအောင်

ထိုအခါမှပင် အားလုံးသည့် အောက်ကူးတို့ဆိပ်ကို ပြန်လည်သတိရလာကြပြီး အပြေးအလွှား ထွက်သွားကြ၏ ။ ထို့ကြောင့်အောင်မောင်းလည်း ကူးတို့ခကို ပြန်တောင်းကာ သူတို့လူအုပ်နောက်သို့ လိုက်၏ ။

ခုနစ်နာရီထိုးပြီ။ လုံးလုံးမှောင်ပြီ။

လမ်းတွင် ကူးတို့လှေတစ်စင်းကို တွေ့ရသည်။ လှေမှာ ကမ်းသို့ လည်း မရောက်၊ ရေငြိမ်သော နေရာဖြစ်သဖြင့် မှူးကြီးမတ်ရာ ဗေဒါပေါင်းအလယ်တွင် ဘုရင်ကြီးတစ်ပါးပမာ ငြိမ်သက်နေ၏ ။ လှေပေါ်တွင်လည်း လှေသမားကြီးတစ်ယောက်တည်းသာရှိ၏ ။

လှေချည်းပြန်အလာ ဤချောင်ထဲသို့ မတိမ်းမသာ မရှောင်သာ ရောက်လာရပြီးနောက် ရှေ့တိုးလည်း ဗေဒါ နောက်ဆုတ်လည်း ဗေဒါဘဝနှင့် ဒုက္ခရောက်နေခြင်း ဖြစ်မည်။

အောင်မောင်းတို့ ကုန်းဒုက္ခသည်တစ်စုလည်း ရေဒုက္ခသည်ကြီးကို

ဘာမှမကူညီနိုင်ကြ။ သူ့ထက်ငါ ကူးတို့ဆိပ်အရောက် ခြေကုန်သုတ်ကြသည်။ တောင်မင်းမြောက်မင်း မကယ်နိုင်ပါတကား။

သူတို့ လူအုပ် ကူးတို့ဆိပ်ထဲသို့ ရောက်သွားသောအခါ ရင်ဆို့ရပြန်သည်။ ကူးတို့ဆိပ်ထဲမှာ လူကျပ်လှ၍ တည်း။ ရှေ့ဆုံး မရောက်နိုင်မည့်အတူတူ ကူးတို့ရုံးထဲ မဝင်သေးဘဲ လမ်းဘေးသို့ အောင်မောင်းထွက်လာခဲ့၏ ။ ကွမ်းယာဆိုင်ကလေးသို့ သွားပြီး ဆယ်ပြားတန် တရုတ်မုန့်နှစ်ခုစားလိုက်၏ ။ ဝမ်းမီးငြိမ်းလေပြီ။ အိတ်ထဲတွင် ကူးတို့ခ ဆယ်ပြားကျန်နေ၏ ။ စားပြီးမှ ကူးတို့ ရုံးထဲ ဝင်ခဲ့၏ ။

ကူးတို့ဆိပ် မပိတ်သေးသဖြင့် မျှော်လင့်ချက် မကုန်သေးသော်လည်း လေ့တစ်စင်း တစ်နာရီလောက်ကြာသဖြင့် စောင့်နေကြသူများ ၏ မျက်နှာများ တွင် စိတ်ပျက်အားလျော့သော အမူအရာများ ပေါ်နေကြသည်။ မည်းမှောင်နေသော မေဒါပြင်ထဲမှ စကားပြောသံများ ၊ ဆေးလိပ်မီးများ တွေ့နေရပြီးနောက် ကမ်းသို့ နီးလာသော လှေတစ်စင်းတလေကို တွေ့လိုက်ရသည်ဆိုလျှင်ပင် တံတားပေါ်ရှိ လူအုပ်မှာ လှုပ်လှုပ်ရွရွ ဖြစ်လာကြ၏ ။ တံတားသို့ လှေဆိုက်လာလျှင် ဖြုတ်ခနဲ ဖြုတ်ခနဲ ခုန်ဆင်းလိုက်ကြ၏ ။ လှေသုံးစင်းလောက် ဆိုက်ပြီးသောအခါတွင် တံတားပေါ်တွင် လူသိပ်မကျန်တော့ပေ။

လူအနည်းငယ် ရှင်းသွားသဖြင့် အောင်မောင်းလည်း တံတားဆီသို့ တိုးထွက်လာခဲ့သည်။ ပိုက်ဆံကောက်သည့် နေရာရောက်သော် သူ့အိတ်ထဲမှ ဆယ်ပြားစေ့ကို ထုတ်ယူပြီး ပေးရင်အသင့်ပြင်ထားလိုက်၏ ။ ပိုက်ဆံကောက်ခံသူ မိန်းမဝဝကြီးမှာ ရှေ့ကလူတစ်ယောက်နှင့် စကားများ နေသည်။ ပိုက်ဆံကောက်သူက တစ်မတ်တောင်းနေပုံရသည်။

"ဘာဖြစ်လို့ တစ်မတ်ပေးရမလဲဗျာ၊ ထုံးစံ ဆယ်ပြားပဲ၊ နေ့ခင်း ဆို ငါးပြား၊ ည ဆယ်ပြား၊ ဆယ်ပြားပဲ ပေးမယ်"

"မေဒါ ကျပ်နေတယ်ရှင့် ၊ နားမလည်ဘူးလား"

"မေဒါတွေ ဘယ်လောက်ကျပ်ကျပ် ထုံးစံဆယ်ပြားဟာ ဆယ်းပြားပဲ

ပေးနိုင်မယ်။ ကျုပ်တို့ဆီက တစ်မတ်ယူလို့တော့ ခင်ဗျားက လှေသမားတွေ ပိုပေးသလား၊ သုံးကျပ်တစ်မတ်သုံးကျပ်တစ်မတ်ပဲ မဟုတ်လား"

ပိုက်ဆံကောက်သူက ဘာမှုပြန်မပြောတော့သဖြင့် အောင်မောင်းလည်း စိတ်အေးသွားသည်။ သူ့တွင်ရှိသော ပိုက်ဆံမှာ ဆယ်ပြားစေ့တစ်စေ့မျှသာ။

ရှစ်နာရီခွဲ ကျော်လေပြီ။ နောက်ဆုံးလှေထွက်သွားသည်မှာ တစ်နာရီနီးပါးရှိလေပြီ။ စောင့်နေသူများ ထံမှာ 'ဒီနေ့တော့ ပြန်ရောက်ပါ့ဦးမလား' ဟူသောညည်းညူသံများ ထွက်လာ၏ ။

ထိုအခိုက် သင်္ဘောများ ဘေးမှ ကူးတို့လှေတစ်စင်း ထွက်လာ၏ ။ တံတားပေါ်မှ လူများ ကား ဝမ်းပန်းတသာ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ စိတ်ပျက် လက်ပျက်ထိုင်နေကြသူများ ရုတ်ခနဲ ထလိုက်ကြ၏ ။ ထီးပြင် ဖိနပ်ပြင်ကာ လှေနှင့်လိုက်ရန် တာစူကြပြီ။ ညည်းညူသံများ ပျောက်ကုန်ကြ၍ ကိုယ်စီကိုယ်ငှ ဝမ်းသာအားတက်သော အသွင်ကို ပြကြသည်။ 'လှေလာပဟ၊ ရောက်တော့မယ်ဟေ့.....ပြန်ရတော့မယ်' ဟူသော စကားသံများ ကြားရလေပြီ။

ကူးတို့များ သည် ဗေဒါကို ခွဲကာ တံတားသို့ ဆိုက်ကပ်လာသည်။ အောင်မောင်းမှာ ရှေ့ဆုံးတွင် ရပ်နေသူဖြစ်သဖြင့် လှေထဲသို့ အရင်ဆုံး ရောက်သွားသည်။ နောက်မှ လူများ သည်လည်း တဖြုတ်ဖြုတ် ခုန်ချကြသည်။ လူဆယ်ယောက်ခန့် တတ်ပြီးသော် လှေပြည့်သွားလေသည်။

လှေကမ်းမှ ကွာပြီ၊ ကမ်းပေါ်တွင် ကျန်ခဲ့သော လူများ မှာ ညှိုး ငယ်ကြသလောက် လှေပေါ်မှ လူများ ကား ဝမ်းသာကြသည်။ အိမ်သို့ ပြန်ရောက်တော့မည်။ မှော င်နှင့် မည်းမည်းတွေင် လှေဦးသည် ဗေဒါများ ကို ခွဲကာခွဲကာ လမ်းထွင်နေပြီ။ ဗေဒါသသည် ထုံးစံအတိုင်း မလျော့သော အင်အားနှင့် တောင်ခံနေသည်။ လှေပေါ်မှ လူများ ကား ဝမ်းသာအားရ စကားဖောင်နေကြသည်။ တစ်ဦးနှစ်ဦးကသာ ကူညီ၍ လှော်ခတ်ပေးဖော်ရသည်။ ကမ်းနှင့်ဝေးလာသည်နှင့်အမျှ ဗေဒါသည် ကျပ်သထွက်

ကျပ်လာ၍ ရေစီးသည်လည်း ပြင်းသထက် ပြင်းလာ၏ ။ ကူးတို့သမားကြီးသည် တစ်ယောက်တည်း မနိုင့်တနိုင်နှင့် ရေစီးကို ဆန်ရင်း ဗေဒါကို အန်တုနေသည်။ သို့သော် သူတစ်ယောက်တည်း မနိုင်ငင်တော့ပါပြီ။

"ဆရာတို့ရေ.....ကူးပါဦးဗျာ၊ ရေစီးနောက်ပါလိမ့်မယ်"

ကျန်လူရှစ်ယောက်ထဲမှ တစ်ယောက်တည်းထလာပြီး ဗေဒါများ ကို ဝါးလုံးဖြင့် ထိုးပေးသည်။ အောင်မောင်းအပါအဝင် ကျန်လူများ ကား ဝမ်းသာစကား ပြောမဝကြသေး။ ဗေဒါကျပ်ချိန်ခရီးသွားရသည်မှာ ပင်ပန်းသည့်အကြောင်း ၊ ခေါက်ဆွဲဆိုင်တွင် လူစည်သည့်အကြောင်း၊ ဘဏ်တွင် ငွေထုတ်ရသည်မှာ ကြာကြောင်း၊ ပစ္စည်း ဝယ်ယူရသည်မှာ ခက်ခဲလာသည့်အကြောင်း စသည်ဖြင့် စုံလှသည်။ သူတို့လည်း ပင်ပန်းစွာ လှော်ခတ်နေသော လှေသမားကြီးကိုမှ အားမနာ စကားကိုသာတွင်တွင် ချဲ့လျက်ရှိကြ၏ ။

ရုတ်တရက်လှေသည် တစ်စုံတစ်ခုနှင့် တိုက်မိပြီး ဒုခနဲ့ မြည်ကာ တုံ့ခနဲ့ ရပ်သွားလေသည်။ ဗေဒါများ နှင့်အတူ ပါလာသော သစ်တုံးများ ၊ ဆတ်သွားဖူးတုံးများ ကို ဝင်တိုက်မိခြင်း ဖြစ်ဟန်တူ၏ ။ လှေသမားကြီးလည်း ဟာ.....ဒုက္ခတော့ ဖြစ်ပြီ ဟု ရေရွတ်လိုက်၏ ။ သူ့အသံမှာ နှမြောတသခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် ပြည့်နေသည်ဟုထင်ရပါသည်။ လှေဝမ်းထဲမှ ခရီးသွားများ ထံမှကား မကျေမနပ်သံများ ပေါ်လာကြ၏ ။ အရာရှိလေသံနှင့်လူက လှေသမားကြီးအား......

"ဒါခင်ဗျား အပြစ်ဗျာ၊ ကိုယ့်လှေကိုမှ ဂရုမစိုက်ဘဲ"

"ခင်ဗျားပဲ လာခတ်ကြည့်ပါလား၊ ဒီလောက် မှော င်မည်းနေတဲ့အချိန် ဒီဗေဒါကြားထဲ ဘာကိုမြင်နိုင်မလဲ၊ ခင်ဗျားတို့ကို ကူပါ ကူပါ လို့ တောင်းပန်နေတာ မကူဘူး"

"အမယ်.....ကူရမှာ လာဗျား၊ ဆယ်ပြားပေးပြီး စီးလာတာ ရောက်အောင် ပို့ဖို့က ခင်ဗျားတာဝန်"

"ခင်ဗျားက ပိုက်ဆံစကားပြောသလား၊ ခင်ဗျား ဘယ်လောက်ပေးနိုင် ပေးနိုင် ပို့မယ်လူမရှိရင် ဒီဘက်ကမ်း မရောက်ဘူးဆိုတာ ခင်ဗျား နားလည်စမ်းပါ၊ ကျုပ်က

အိမ်ပြန်ရင်း သနားလို့ အလကားဝင်ပို့ပေးတာ"

အောင်မောင်းက အံ့ဩ သွားပါသည်။ လှေထဲရှိ ခရီးသွားအပေါင်းတို့လည်း တိတ်သွားလေပြီ။ လှေသမားကြီး၏ စေတနာသသည် အံ့ဩလောက်အောင်ကြီးမားစွတကား။ သူနှင့် မဆိုင်ပါဘဲ မှော ်မှော ်မည်းမည်းတွင် စေတနာဖြင့် ကူညီသူတည်း။

အောင်မောင်းက စကားပြောကြည့်၏ ။

"ဦးလေးက ဒီကူးတို့က မဟုတ်ဘူးလား"

"မဟုတ်ဘူး.....ကိုယ်ပိုင်ခတ်နေတာ၊ ကူးတို့သိမ်းပြီး ပြန်လာရင်းတွေ့တာနဲ့........"

"ဟာ.....ဒီလိုဆို ဘာမှ မစားဂရသေးဘူးပေါ့"

"အေးပေါ့ကွ.......ဘယ်စားရဦးမလဲ"

အောင်မောင်း၏ စိတ်ထဲတွင် လှုပ်ရှားသွား၏ ။ တစ်ပြိုက်နက်တည်းမှာ ပင် သူ့ကိုကူညီလိုစိတ်များ ဝင်လာသောကြောင့် လှေဦးပိုင်းသို့ ထလာခဲ့သည်။ လှေဦးတွင် ပျဉ်ပြားတစ်ချပ်နှင့် ဗေဒါခွဲနေသူမှာ ပင်ပန်းလှပြီ။ ထိုကြောင့် အောင်မောင်းသည် သူ့နေရာကို ဝင်ယူသည်။ လှေဦးမှ ခွထိုင်၍ ပျဉ်ပြားတို့ဖြင့် ဗေဒါများ ကို ခွဲရင်း တဖြည်းဖြည်းပျော်လာ၏ ။ လှေသမားကြီး၏ စေတနာကို လေးစားသဖြင့် စိတ်ပါလက်ပါ ကူညီမိလေပြီ။

လှေဝမ်းထဲတွင်ကား စကားဝိုင်း ပျက်သွား၏ ။ တစ်ဦးနှစ်ဦးမှ အပ ကျန်လူအားလုံး လှေသမားကြီးကိုကူညီနေကြလေပြီ။ ရရာတုတ်တို ပျဉ်တိုများ ဖြင့် လှော်ခတ်ပေးနေကြ၏ ။ ဘာမျှလှော်စရာ ခတ်စရာ လက်နက်မရှိသူများ က ဂျပန်ဖိနပ်ကို လက်တွင် စွပ်၍ လှော်ပေးနေကြ၏ ။ လှေထဲတွင် တတ်ညီလက်ညီ အလုပ်လုပ်နေကြသည်မှာ ပျော်စရာကောင်းလှ၏ ။ တတ်ညီလက်ညီဆိုသော စကားမှာ လည်း အဓိပ္ပာယ်ပေါ်လာ၏ ။လှေသည်လည်း စောစောကလို့ တုံ့နေးတုံ့နေး မဟုတ်တော့ဘဲ လျှောခဲနဲ လျှောခနဲ မြန်လာ၏ ။ စေတနာကို စေတနာဖြင့် တုံ့ပြန်သော ရှုခင်းပါတကား။

အားလုံး၏ စုပေါင်း ကြိုး စားမှု ကြောင့်လှေသည် ဗေဒါထဲမှ တရွေ့ရွေ့ထွက်လာသည်။ မောပန်း၍ ချွေးဒီဒီးကျသော်လည်း ပင်ပန်းသည်ဟု မထင်ကြတော့။ အောင်မောင်းမှာ လည်း လှေဦးမှ ငြာသံပေးရင်း လှော်နေသည်။ လှေဝမ်းထဲမှ အားတတ်ဖွယ် ငြာသံတို့ မြန်လာပြီးနောက် လှေသည် တုံ့ခနဲ တုံ့ခနဲ ရှေ့သို ရွေ့သွားလေသည်။

ဤသို့နှင့် ဗေဒါထူထပ်သော မြစ်လယ်ပိုင်းကို လွန်မြောက်ပြီး ဗေဒါပါးရာ ကမ်းစပ်သို့ နီးလာလေတော့သည်။ အောင်မောင်း စဉ်းစားကြည့်သည်။ ဤလူစုတွင် ဘဏ်ငွေ ထုတ်လာသူလည်း ပါသည်။ ရုံးဝန်ထောက်လည်းပါသည်။ သူတို့အားလုံးသည် ငွေကြေးရှားပါးသူများ မဟုတ်။ ထို့ကြောင့် ပင်ပန်းကြီးစွာ စေတနာဖြင့် ကူညီသော လှေဆရာကြီးကို ကျေးဇူးပြုကြရန် သူတို့ကို တိုက်တွန်း မည်ဟုအကြံရလိုက်သည်။ မောပန်းဆာလောင်၍ အိမ်ပြန်နောက်ကျနေသော လှေဆရာကြီးကို ဤနည်းဖြင့် ကျေးဇူးပြု လျှင် ကောင်းလေစွဟု ထင်မိသည်။ သူ့တွင်ကား ပိုက်ဆံမရှိ။လှေသည် ကမ်းသို့ ကပ်ပေပြီ။ အောင်မောင်းသည် လှေဦးမှဖြစ်သဖြင့် လူများ တံတားပေါ်သို့ မတတ်ကြခင် သူပြောလိုသော စကား ကို ပြောခွင့်ရသည်။

"ကျွန်တော်တို့ကို ခုလို စေတနာနဲ့ အပင်ပန်းခံပြီးလိုက်ပို့ပေးတဲ့ ကူးတို့ဆရာကြီးကို ကျွန်တော်တို့က တစ်မတ် ငါးမူးစီ စုပြီး ကျေးဇူးပြုကြရအောင်"

လှေဝမ်းထဲမှ ခရီးသွားများ သည် ငြိမ်ကြသွားကြ၏ ။ ပေးရကောင်းနိုး စဉ်းစားနေကြသည်ဟု အောင်မောင်းထင်သည်။ သို့သော် လူတစ်ယောက်သည် အရင်ဆုံး တံတားပေါ်သို့ တတ်သွား၏ ။ သူကား ရုံးဝန်ထောက်မင်းတည်း။ ဆယ့်ခြောက်နှစ်ရွယ် လူငယ်တစ်ယောက်၏ စကားကို ဂရုမစိုက်သင့်ဟု ထင်လေသလား၊ သို့တည်း မဟုတ် ကျေးဇူးမသိတတ်၍ လား၊ လှေသမားကြီး၏ စကားများ ကို နာသွားလေသလား။

အံ့သြနေရဆဲ နောက်ထပ်တစ်ယောက်က ဆင်းလာပြန်သည်။ သူကား သူဌေးမင်းတည်း။ မိမိတို့ ကူညီခဲ့သော သူ၏ ကျေးဇူးကို မေ့လွယ်လှပါ၏ ။ ထို့ကြောင့်ပင် သူဌေးဖြစ်နေလေသလား မသိ။

ဆင်းစရှိသဖြင့် တစ်ယောက်ပြီး တစ်ယောက် အောင်မောင်းဘေးမှ ဖြတ်ဆင်းကာ ကုန်းပေါ်သို့ တတ်သွားကြ၏ ။ ကုန်သည်၊ စျေးဆိုင်ရှင်၊ ရုံးစာရေး၊ မီးသွေးပွဲစားတို့သည် တစ်ယောက်ပြီး တစ်ယောက်ခပ်တည်တည် ထွက်သွားကြ၏ ။ အောင်မောင်းကိုလည်းကောင်း ၊အောင်မောင်း ပြောခဲ့သော စကားကိုလည်းကောင်း ဂရုမစိုက်ကြပေ။ ယုတ်စွအဆုံး လှေသမားကြီးကိုပင် ကျေးဇူးစကား ပြောဖော်မရ။

လှေထဲတွင် နောက်ဆုံးကျန်ခဲ့သော လူနှစ်ယောက်လည်း ခပ်ဖြည်းဖြည်း ထလာပြီး လှေဦးသို့ လာရပ်၏ ။ သူတို့သည် လှေဆရာကြီးကို ခပ်လေးလေးပြည့်ကြည့်ပြီးမှ တံတားပေါ် ဆင်းကာ အောင်မောင်းဘေးနားတွင် လာရပ်ကြသည်။ သူတို့ ဝတ်စားသွင်ပြင်ကို အကဲခတ်ရခြင်းအားဖြင့် အောက်တန်းလွှာမှ လူများ ဖြစ်ကြောင်း သိနိုင်သည်။ သူတို့ နှစ်ယောက်သည် စောစောက လူများ လို မဟုတ်။ ကုန်းပေါ်မတတ်သေးဘဲ နှင့် လှေသမားကြီးကို အားတောင့်အားနာဟန်နှင့် ကြည့်နေကြ၏ ။

လှေသမားက ဘာမှ မဖြစ်သလို ဟဲ ဟဲ တစ်ချက်ရယ်လိုက်ကာ ခတ်တတ်ကို နောက်ဘက်သို့ ဆွဲခတ်လိုက်၏ ။ ထို့နောက် လှေဦးလှည့်ပြီး မြစ်ပြင်ထဲသို့ တိုးဝင်သွားလေ၏ ။ တံတားပေါ်တွင် ကျန်ခဲ့သော သုံးဦးသားမှာ ကား လှေဆရာကြီးနောက်ကျောပြင်ကို ငေးကြည့်ရာမှ ပြန်လှည့်လိုက်ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။

# မျက်ရည်

ကြီးတော်ကြီး အိပ်နေခိုက် တိတ်တိတ်ခိုးတတ်ရသော မန်ကျည်းပင်ပေါ်မှ အောင်မောင်းဆင်းလာခဲ့၏ ။ မှည့်ဝင်းစ မန်ကျည်းသီးများ ကို ခူးခွတ်၍ ကား အားရသေးသည် မဟုတ်။ မန်ကျည်းပင် အရိပ်ကျရာ လမ်းမ မြေတလင်းတွင် ခုနလေးတွင်ပင် တည်ထောင်လိုက်သည်ဖြစ် သော ချစ်တီးတို့ ဒိုးဝိုင်းကို တွေ့၍ ဖြစ်၏ ။ ပထမတော့ အောင်မောင်းသည် မန်ကျည်းသီးဝမ်းပျဉ်းများ ကို စားရင်း အပင်ပေါ်မှ ဇိမ်နှင့် ကြည့်နေပါသေးသည်။ သို့သော် ကြီးတော်ကြီး အိပ်ရာထချိန်ကလည်း တန်၊ ဒိုးဝိုင်းကလည်း ဂုံညင်း ဒိုးကြေးမှလည်း ငါးပြားကြေးအထိ ကြီးမားကျယ်ပြန့်လာသောကြောင့် စိတ်ဝင်စားစွာ ဆင်းသက်လာခဲ့ခြင်း ဖြစ်၏ ။

မန်ကျည်းပင်ပေါ်မှ ဆင်းလာသော အောင်မောင်းကို သူ့သူငယ်ချင်းများ ဖြစ်သော တာတူးတို့၊ ကုလားပုတို့၊ စိန်မြင့်တို့က ဝိုင်း၍ အောင်မောင်းခါးပိုက်ထဲမှ မန်ကျည်းသီးများ ကို တောင်းကြ၏ ။ အောင်မောင်းလည်း သူခိုးကြောင်ခိုးဝှက်ခူးယူလာသော မန်ကျည်းသီးများ ကို နှမြောတွန့်တိုခြင်းမရှိဘဲ ဝေငှလေသည်။

မန်ကျည်းသီးကိုယ်စီနှင့် ဒိုးဝိုင်းကို ငေးသည်။ လမ်းမပေါ်မှာ ဖြစ်၍ လမ်းသွားလမ်းလာတို့ကလည်း ငေးသည်။ စာပို့သမား ကုလားကြီးပင်လျှင် သူ့ထီးကြီးကို ပိတ်ပြီး ငေးပါသကော။ ဒိုးဝိုင်းမှာ ကလည်း မြေတံတား၏ ရပ်ကျော်ရွာကျော်များ ဖြစ်ကြသော ကံဝင်းတို့၊ ကျင်အေးတို့၊ ဓာတ်ခိုးတို့၊ ပေါ်လီတို့လူသိုက်၊ ပိုက်ဆံတစ်စေ့ကိုပင် ဝါးတစ်ရိုက်နီးပါးအကွာက ထိအောင် တိုက်နိုင်သော ကျင်အေးကိုလည်းကောင်း၊ ဒိုးမွှေ့ရာတွင် ခွင်လုံ ပြုတ်အောင် တော်သော ဘိချစ်ကိုလည်းကောင်း၊ သူများ ကို ကဲအောင်သတ်ရာတွင် လက်ချိန်လက်ဆ ကောင်းသော ဖိုးတုတ်ကိုလည်းကောင်း အောင်မောင်း သဘောကျကြ၏ ။ ဒိုးဝိုင်းတွင် ကြားနေကျဖြစ်သော 'ဘိတ်သူခွင်ကျော်ကွ'၊ 'ထိုးရမလား ဖြရမလား'၊ 'နောက်စ ထိရင်း ရှုံး ခုတ်ဖြိရင်း ရှုံး' စသည်တို့မှာ မန်းကျည်းပင်ကြီးအောက်တွင် ဆူညံနေသည်။

"ဟော့ကောင် အောင်မောင်း၊ လက်ချိတ်.....လက်ချိတ်"

စိန်မြင့်အသံ ထွက်ပေါ်လာ၏ ။ အောင်မောင်းက မနေး၊ သူလက်သန်းကို စိန်မြင့်လက်သန်းနှင့် ချိတ်ပြီးလေပြီ၊ ဆွဲပြီးလေပြီ။

"ဘယ်မလဲ......ခွေး"

"ဟိုမယ်ကွာ.....မင်းတို့ ဂုတ်ကြားကြီး ချေးယိုနေပြီ"

တာတူးနှင့် ကုလားပုတို့လည်း ဒိုးဝိုင်းကို ကမန်းကတန်း နောက်ခိုင်းကာ လက်ချိတ်လိုက်၏ ။ အောင်မောင်းက ဂုတ်ကျားကြီးကို ကြည့်ပြီး ဝမ်းသာနေသည်။ ခွေးတစ်ကောင်ချေးယိုနေသည်ကို တွေ့လျှင် ကိုယ့်ဟာကိုယ် လက်ညှိုး နှစ်ဖက်ဖြစ်ဖြစ်၊ လက်သန်းနှစ်ဖက်ဖြစ်ဖြစ် ချိတ်ပြီးဆွဲ၊ ဒါမှမဟုတ် တစ်ယောက်ယောက်၏ လက်ညှိုး သို့ မဟုတ် လက်သန်းနှင့် ကိုယ့်လက်ညှိုး လက်သန်းတို့ကို ချိတ်ပြီး ဆွဲ၊ ခွေးချေးတစ်နေရော။ ဤနည်းအားဖြင့် ချေးဆက်မယိုနိုင်သော ခွေးများ ကို ကြည့်ပြီး ကလေးများ ဟားတိုက်ခဲ့ကြသည်မှာ ကမ္ဘာကမ္ဘာ ကြာခဲ့လေပြီ။ ယခုလည်း ကလေးတွေဝိုင်းနေသဖြင့် ချေးဘယ်လိုယိုရမှန်းမသိသည့် ဂုတ်ကျားကြီး ယောင်တောင်တောင်ဖြစ်နေသည်ကို ကြည့်ပြီး အောင်မောင်းတို့ ပျော်သည်။ လက်သန်းချိတ်ထားရင်း ကဟေးလားဝါးလား အော်ကာ ဟိုခုန်ဒီခုန် လုပ်ကြသည်။

"ဟိုခွေးမသားလေ.....ဘေးဖယ်စမ်း၊ ဒီမှာ ဒိုးထိုးနေတယ်ကွ"

လူမိုက်ကြီးဟု အမည်ခံနေသော ကိုဖိုးခွေး၏ အသံထွက်၏ ။ အောင်မောင်းတို့ကား သူတို့နှင့်မဆိုင်ဟု ထင်ပြီး ခွေးထွက်ပြေးရာကို ကြည့်ရင်း ဟော့လားဝါးလား။

"တယ်.....ဒီကျော်ထွန်းသားဟာ .......လူပါးဝလို့"

ကျော်ထွန်းသားဟုဆိုသဖြင့် အောင်မောင် ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ ကျော်ထွန်းသားဆိုသည်ကား သူပါတကား။ထို့ကြောင့် ကိုဖိုးခွေးသည်

သူ့ကိုမာန်မဲနေခြင်းပါလားဟု သိရသောအခါ ကျောစိမ့်သွားသည်။ ကိုဖိုးခွေးသည် ဦးလျောင်ငန်းလို့ စက်ပိုင်လည်းမဟုတ်၊ ဦးဘအေးလို့ ကျောင်းဆရာလည်း မဟုတ်၊ ကိုကျော်ရလို ကူလီခေါင်းလည်း မဟုတ်၊ ဘာအလုပ်မှ မလုပ်သော သူဖြစ်၏ ။ သို့ သော် သူ့ကို ခုန လူတွေထက် ကြောက်ရ၏ ။ သူကား ရွာသူမိုက်။

ထို့ကြောင့် ဂုတ်ကျားကို စွန့်လွှတ်လိုက်ပြီး ဒိုးဝိုင်းသို့ ပြန်လည်း မျက်နှာမူကာ ကပ်ကပ်ကလေး ထိုင်ချလိုက်ရ၏ ။ ပြီး....ဒိုးကစားနေသော ကိုဖိုးခွေ၏ မျက်နှာကို တစ်ချက်မော့ကြည့်လိုက်မိ၏ ။

"အံ့မယ်.....ကျော်ထွန်းသားက လူပါးဝလို့ ပေကတ်ကတ်နဲ့"

"ခင်ဗျားကလဲဗျာ.....ကလေးသူ့ဟာသူနေတာပဲ"

သူနှင့်ကစားဖက် ဘိုချစ်က ဝင်ထောက်လိုက်မှ ကိုဖိုးခွေးပျော့သွား၏ ။ ဘေးမှာတွင် ထိုင်ကြည့်နေသော ဘကြီး ပြုံး ကလည်း.

"ဖိုးခွေးရာ....မင်းဟာမင်း ရှုံးတာနဲ့ မဲမနေစမ်းပါနဲ့"

ဟုမာန်လိုက်သည်။ ကိုဖိုးခွေးမှာ ဘကြီးပြုံး ကို ကြောက်သဖြင့် ငြိမ်သွားသော်လည်း အောင်မောင်းကို ကွက်ကြည့်ကြည့်ဆဲ။

ကိုဖိုးခွေ၊ ထိုကိုဖိုးခွေးက အောင်မောင်းတို့အဖေ ရုံးစရေးကြီးအဖြစ် ဂုဏ်တင်ခဲ့စဉ်က အိမ်လာပြီး ထမင်းစားနေကျ၊ ရေခပ်ပေးနေကျ။

ယခုကား အခြေအနေ ပြောင်းခဲ့ပေပြီ။ အဖေ့ရုံးမှာ ဖျက်သိမ်းလိုက်သည်ဟု သိရပြီး အဖေလည်း ပြင်ခရိုင်သို့ သွားကာ ကုန်ကူးနေရ၏ ။ အောင်မောင်းတစ်ယောက်တည်းသာ ကြီးတော်ကြီးအိမ်တွင်နေကျန်ခဲ့ပြီး အမေလည်းအဖေနှင့် လိုက်သွား၏ ။ နေမည့်သူမရှိတော့သော သူတို့ အိမ်ကို ကြီးတော်ကြီးပင် ဖျက်ပစ်လိုက်ပြီး မီးသွေးဂိုဒေါင်ဆောက်ပစ်လိုက်သည်။

နောင်အတော်ကြာ၍ အောင်မောင်းလေးတန်းသို့ ရောက်စ နှစ်တွင်

အမေပြန်လာသည်။ အမေ့တွင် ဇော်ဖိုးကလေးပါ ပါလာခဲ့သည်။ ကြီးတော်ကြီး၏ အရိပ်ကို လာ၍ ခိုလှုံရပြန်လေပြီ။ ဤသို့သော်အချိန်တွင် ကိုဖိုးခွေးအဖို့ယခင်က အစ်ကိုကြီး ကျော်ထွန်းသား အောင်မောင်းသည် ယခု ကျော်ထွန်းသား ခွေးကောင်းလေး ဖြစ်လာလေပြီ။

ပုသိမ်တစ်ဖက်ကမ်းရှိ မြေတံတားရွာကလေးကား ပုံကျတို့ရွာမဟုတ်၊ သူစိမ်းတို့ရွာမဟုတ်၊ တစ်ယောက်နှင့်တစ်ယောက်၊ တစ်အိမ်ထောင်နှင့် တစ်အိမ်ထောင် ဆွေနီးမျိုး စပ်တော်ကြသူများ သာ ဖြစ်၏ ။ သို့ သော် အောင်မောင်းတို့သားအမိအဖို့ ဆွေမျိုး မရှိတော့သည်နှင့်တူလေပြီ။ ဟိုလူက နှိမ်၊ ဒီလူက စောင်းနှင့် ငရဲကျလေရလေပြီ။

ညစ်ထွေးနေသောစိတ်ကို သက်သာရာရစေခြင်းငှာ အိုးခြမ်းကွဲများ လိုက်ကောက်ပြီး ရေပြင်ပေါ်သို့ ရှပ်ခဲပစ်ကြည့်လိုက်၏ ။ အိုးခြမ်းပဲ့ကလေးများ သည် ရေပြင်ပေါ်တွင် ခုန်ခွခုန်ခွနှင့်ကူးသွားသည်ကို စိတ်မပါသလို ကြည့်နေမိသည်။

"ဟေ့ကောင် အောင်မောင်း၊ မင်း ကြီးတော်ကြီး ခေါ်နေတယ်"

စိန်မြင့်၏ အသံ ကျောဘက်မှ ပေါ်လာ၍ ရင်ထဲတွင် ထိတ်သွားသည်။ ဘုရား...ဘုရား.၊ ညနေတော့ စောင်းပြန်ပြီ၊ ရိုက်ဖို့ပဲ ထင်ပါရဲ့ ၊ အိမ်ဝင်းထဲသို လေးကန်သော ခြေလှမ်းများ ဖြင့် ဝင်လာမိ၏ ။ မဝင်မီဒိုးဝိုင်းရှိရာ တစ်ချက်လှမ်းကြည့်လိုက်သည်။ ဒိုးဝိုင်းသိမ်းသွားလေပြီ။

ကြီးတော်ကြီးကို လူကြီးလေးငါးယောက်နှင့်အတူ အိမ်ရှေ့ခန်းတွင် တွေ့ရသည်။ မီးသွေးကုန်သည်များ လာ၍ စာရင်းရှင်းကြခြင်းဖြစ်မည်။

"ကြီးတော်ကြီး"

အောင်မောင်းက မဝံ့မရဲ ခေါ်လိုက်သည်။

"ဘာလဲ"

"ကျွန်တော်ကို ခေါ်တယ်လို့ စိန်မြင့်က......."

"ဟုတ်တယ်၊ သွား.......အိမ်နောက်ဖေးကို၊ ပြီးမှ ခေါ်မယ်"

ကြီးတော်ကြီး၏ လေသံကား တင်းမာလှသည်။ အောင်မောင်း အဖို့ကား ရိုးနေလေပြီ။ ကြီးတော်ကြီးသည် စကားချိုချိုပြောခဲ့သား။

အိမ်ဘေးတွင် အမေသည် အဝတ်တစ်ပုံကြီးကို ဖွပ်နေလေသည်။ စကားပြောတတ်ခါစဖြစ်သော ဇော်ဖိုးလေးသည် အမေ့ဘေးနားတွင် ထိုင်ရင်းရေတစ်ခွက်နှင့် ဆော့နေ၏ ။

"သားလေး.....အောင်မောင်း.....လာဦး"

အောင်မောင်းသည် အမေ့ဘေးနားတွင် ထိုင်ချလိုက်၏ ။

"အရပ်ထဲမှာ ကောင်းကောင်းနေပါ သားရယ်၊ မင်းအဖေမှာ အလုပ်အကိုင်ကလဲ မရှိတော့ မျက်နှာငယ်တယ်သားရဲ့ "

အမေသည် ဆယ်နှစ်သားအရွယ် သားငယ်ကို လူကြီးလို ပြောနေလေသည်။

"တို့သားအမိတွေ ဘာလုပ်လုပ်ပြောချင်နေကြတာဆိုတော့ သားကောင်းကောင်းနေနော်"

"အမေကလဲ ကျွန်တော်က လေက်မလိုသူများ အိမ်တွေလျှောက်ပြီး လောက်လေးနဲ့ ပစ်နေလို့လား"

"မင်းခုန ကိုဖိုးခွေးကို ဆဲတယ်ဆို"

"ဟာ....အမေကလဲ"

"မညာပါနဲ့ သားရယ်၊ ခုနပဲ ကိုဖိုးခွေးလာတိုင်လို့"

အမေ့စကား မဆုံးပေ၊ ကြီးတော်ကြီး၏ အသံက ကြားဖြတ်ဝင်လာသည်။

"ဟဲ့ မောင်....လာစမ်း"

ကြီးတော်ကြီး၏ အသံကြီးကိုကြားရလေပြီ။ အောင်မောင်းသည် ကြောက်ဆုတ် ကြောက်ဆုတ်နှင့် ဖိနပ်ချွတ်သို့ ဝင်လိုက်၏ ။

"ကြည့်စမ်း၊ လူလိုထားတာ လူလိုမနေဘူး ပေလို့ ....တစ်ကိုယ်လုံး၊ သူတောင်းစားရုပ်ပေါက်နေပြီ၊ ဘယ်သွား ချေးခြောက် ကောက်နေသလဲ"

"မ....မ သွားပါဘူး၊ ကြီးတော်ကြီး"

"ဘာ မသွားရမလဲ၊ နွားလေး....နင် အခုန ဖိုးခွေးကို ဆဲတယ်ဆို"

"မ.....မ....မဆဲ......"

"ဘာ ညာသလဲ ခွေးစုတ်ကလေး၊ နင်မဆဲဘဲနဲ့ ဟိုက လာပြီးညာတိုင်မလား၊ သူတို့ကစားနေတာ နင်ဝင်ရှုပ်လို့သူက ပြောတော့နင်က ပွစိပွစိနဲ့ ဆဲပြီး ကမ်းနားဆင်းသွားတယ်ဆို၊ ဟုတ်လား"

"မ....မဟုတ်....."

"ဘာ မဟုတ်ရမလဲ၊ သွား....တုတ်ကောက်ခဲ့"

အောင်မောင်း ဘာမှပြန်မပြောသာ၊ အိမ်ပေါ်မှ လေးလေးကန်ကန်နှင့် ဆင်းလာခဲ့ပြီး ခြံထဲတွင် တုတ်ရှာရ၏ ။ ကြီးတော်ကြီးသည် ရိုက်ရန် တုတ်မဆောင်တတ်၊ အရိုက်ခံမည့်သူကို တုတ်ကောက်ခိုင်းပြီးမှ ထိုတုတ်ဖြင့် ရိုက်၏ ။ အောင်မောင်းကား နောကြေလေပြီ။ တုတ်သေးသေးဆိုလျှင် အရိုးထင်သည်။ စပ်သည်။ တုတ်ကြီးလျှင် အရိုးမထင်၊ မစပ်။ ထို့ကြောင့် တုတ်ကြီးကြီးကို ရှာရ၏ ။

အောင်မောင်း တုတ်ရှာနေသည့်ကို ခြံအပြင်မှ စိန်မြင့်တို့ တာတူးတို့က ရပ်ကြည့်နေကြ၏ ။ အောင်မောင်းမှာ သူတို့ကို မကြည့်မိအောင် သတိထားကာ တုတ်ကို ရအောင် ရှာပြီး ကြီးတော်ကြီးလက်အပ်လိုက်သည်။

"ဟိုဘက်လှည့်နွားလေး၊ ကောင်းကောင်းထား၊ ကောင်းကောင်းမနေဘူး၊ နင့်အဖေ အမေက ငါ့လိုထားနိုင်လို့လား၊ တိုနီတို့ ဆန်နီတို့ကို ကြည့်စမ်း၊ ဘိုကျောင်းသားတွေ လိမ်က လိမ္မာသနဲ့၊ နင့်လိုပဲလား၊ လှည့်.....ဟိုဘက်လှည့်၊ ဖြန်း....ဖြန်း......"

"အမယ်လေ ကြောက်ပါပြီ"

"လူကြီးကို ဆဲဦးဟဲ့၊ ဖြန်း....ဖြန်း...နောက် ဆဲဦးမလား"

"မဆဲတော့ပါဘူး၊ အမယ်လေး....မဆဲတော့ပါဘူး"

"သွား.....ရေခပ်၊ ကိုယ့်အလုပ်ကိုယ်မသိဘူး၊ ရွာရိုးကိုးပေါက်လျှောက်ပြီး ချေးခြောက်ကောက်နေ"

အောင်မောင်းသည် ခြေသလုံးနှင့် တင်ပါးတို့ကို ပွတ်ပြီး အိမ်ဘေးကပြင်သို့ ငိုထွက်လာခဲ့သည်။ အမေသည် အောင်မောင်းကို မကြည့်ဘဲ အဝတ်ကိုသာ မဲ၍ ရိုက်ဖွပ်နေသည်။ အောင်မောင်းလည်း သူ့အတွက် စပယ်ရှယ်လုပ်ထားသော တစ်ဂါလန်ဝင် ကတ္တရာစေး ပုံးကလေးနှစ်ပုံးကို ဆွဲယူလိုက်ပြီး ကမ်းနားသို့ ထွက်ခဲ့၏ ။

"ဟဲ့....ငမောင်.....ခါးတောင်းကျိုက်စမ်း၊ ဒီပုဆိုးက နင့်အဖေ ဝယ်ပေးထားတာ မဟုတ်ဘူး"

ထိုကြောင့်မန်ကျည်းပင်ရိပ်တွင် ပုံးနှစ်ပုံးကိုအသာချကာ ပုဆိုးစ အပိုများ ကို စပ်ချုပ်ထားသော စပ်ပုဆိုးကို ခါးတောင်းကျိုက်လိုက်ရ၏ ။ ညနေမစောင်းသေးသဖြင့် ပူပြင်းနေဆဲပင် ဖြစ်သော လမ်းမသည်အောင်မောင်း၏ ဗလာခြေဖဝါးကို နှုတ်ဆက်လိုက်၏ ။

ကမ်းနားစပ်သဲပြင်ပေါ်ထိုင်ရင်း အောင်မောင်းရှိုက်နေမိ၏ ။ မျက်ရည်များ ကလည်း အကျမရပ်သေး။ တမင်သက်သက် ညာတိုင်သွားသော ကိုဖိုးခွေးကိုလည်း အခဲမကျေ၊ ဘာပဲဖြစ်ဖြစ် သူ့ချည်းရိုက်သော ကြီးတော်ကြီးကို စိတ်ဆိုး၏ ။ ဘာတစ်ခွန်းမှ ဝင်မပြောသော အမေ့ကိုလည်း မကျေနပ်၊ သို့သော် ဤ မြေတံတားရွာတွင် ကြီးသူကို ငယ်သူက ခွန်းတုံ့လှန်လေ့မရှိ။ ထို့ကြောင့်ပင် ရိုးသော အေးသော အမေသည် ကြီးတော်ကြီးကို ဘယ်တော့မှ ပြန်မပြော၊ ပြောသမျှကိုလည်း ငုံ့ခံနေလေ့ရှိ၏ ။ အမေပင် ငုံ့ခံနေရသေးလျှင် အောင်မောင်းကော ဘာတတ်နိုင်မည်နည်း။

ကြာကြာထိုင်နေရဲသောကြောင့် ပုံးနှစ်ပုံးကို ဆွဲယူပြီး ရေထဲသို့ ဆင်းလိုက်၏ ။ ပြီးလျှင် လက်မောင်းကို အစွမ်းကုန်တောင့်ကာ ရေထဲမှ ပုံးကို ဖော်ယူလိုက်၏ ။ နွံထဲတွင် နစ်နာသော ခြေထောက်များ ကို ရုန်းကာ သောင်ပြင်ပေါ်လှမ်းတက်ပြီးနောက်

မောသွားသဖြင့် နားနေရပြန်သည်။

အမောဖြေရင်း ကြီးတော်ကြီးကို စိတ်နာလာ၏ ။ မြစ်ဆိပ်နှင့် အိမ်သည် လှမ်းခေါ်လျှင် ကြားနိုင်လောက်အောင်နီး၏ ။ သို့ စဉ် လျက် ကမ်းနားသို့ ဆင်း၍ ရေမချိုး ကြ၊ သူ့လို ဆယ်နှစ်သား ပိန်တာရိုးကလေးက ဆွဲပေးသော ရေကို နေ့စဉ် ချိုး နေကြလေသည်။ သူခပ်ပေးရသည် မှာ မိုးကုန်ချိန်မှစ၍ ယခုအထိ တစ်ဆောင်းလုံးလုံး၊ ယခင်နေ့များ က ဆိုလျှင် ရေကြည်ရေကောင်းကို ဆွဲပေးခဲ့ပါ၏ ။ ယနေ့ကား ကိုဖိုးခွေးကုန်းတိုက်သည်ကို ယုံပြီး သူ့ကို မတရားရိုက်ခဲ့သော ကြီးတော်ကြီးတို့ အတွက် စေတနာမရှိ။

သို့ သော် ရေမဆွဲလျှင် အရိုက်ခံရမည်၊ အမေကလည်း ဘာမှဝင်မပြောသာ၊ ရေမဆွဲချင်၍ မရ၊ ထို့ကြောင့် သောင်ခုံပေါ်တွင်ရေနှစ်ပုံးကို မှော က်ချပြီး ကမ်းစပ်မှ ရွှံ့များ ၊ သဲများ ၊ မီးသွေးများ ကို ခြေထောက်ဖြင့် မွှေလိုက်၏ ။ ပြီးလျှင် အနည်ထလာသော ရေများ ကို ပုံးအပြည့်ဆွဲကာ ယိုင်တိယိုင်ထိုးတတ်လာခဲ့၏ ။ အောင်မောင်းကား မရှုံက်တော့ပြီ။

အိမ်သို့ ထိုရေနှစ်ပုံး ရောက်ရန်အတွက် လမ်းတွင် လေးငါးခါနား ရသည်။ တစ်ခါ နားပြီးတိုင်း အားကိုတင်းကာ လက်နှင့် ခြေသလုံးတို့ကို တောင့်ပြီး အပြေးဆွဲရပြန်သည်။ တောင့်ထားသည့်အား ကုန်ပြန်လျှင် တစ်ခါနား၊ ရေစဉ့်အိုးတစ်လုံးကို ခြောက်ခေါက်၊ တစ်နေ့ကို စဉ်းအိုး နှစ်လုံး၊ ပြီးပန်းပင် ရေလောင်းရန် ရှစ်ခေါက်၊ ကျောင်းရက်ဆိုလျှင် သုံးနာရီခွဲကျောင်းဆင်းသည်မှ ညနေ မိုးချုပ်အထိ ၊ ကျောင်းအားရက်တွင် သုံးနာရီမှ မိုးချု ပ်အထိ ၊ ထိုအချိန်များ ကား အောင်မောင်း၏ ရေခပ်ချိန်များ ပါတည်း။

ချိုး ရေအိုးများ ဖြည့်ပြီးချိန်တွင် သံသတ်ပင်ရိပ်တွင် အမောအပန်းဖြေရင်း ရုပ်ခဲပစ်၏ ။ ရေတတ်လာလေပြီ။ စိမ်းကြည်နေသော မြစ်ပြင်၏ တဟ်ဖက်တွင်ကား ပုသိမ်မြို့ ကမ်းနားလမ်း၊ ခုန်ခွ ခုန်ခွနှင့် ရေပြင်ပေါ် ပြေးလွှားသော ရုပ်ခဲမှတစ်ဆင့် ပုသိမ်ဘက်ကမ်းသို့ တိုင်မျက်လုံး ကစားလိုက်ရင်း အောင်မောင်း ပျော်မိသည်။ ချိုး ရေအိုးထဲတွင် ရွှံ့ရေများ ။ ရေချိုး ခန်သည် မှော င်နေသဖြင့် ရွှံ့ရေဖြစ်ကြောင်း ဘယ်သူမှ မသိနိုင်။

နောက်မှ အသံကြား၍ လှည့်ကြည့်လိုက်ရာ အမေသည် ရေအိုးသစ်တစ်လုံးက ခေါင်းရွက်ရင်း ကမ်းနားသို့ ဆင်းလာလေသည်။ အောင်မောင်းရင်ထဲတွင် တစ်မျိုး ဖြစ်သွားမိ၏ ။ အမေ ရေခပ်သည်ကို တစ်ခါမျှ သူမမြင်ဖူး၊ ယနေ့ကား အမေလည်း ရေခပ်ရလေပြီ။

"ဘာလုပ်ဖို့လဲ အမေ"

"ပန်းပင်လောင်းဖို့ပေါ့သား"

"ဘယ်ပန်းပင်လဲ"

"သားလောင်းတဲ့ ပန်းပင်လေ"

"ကျွန်တော်လောင်းမှာ ပေါ့ အမေရယ်၊ တော်ကြာ ဇော်ဖိုးလေး ငိုနေလို့ ကြီးတော်ကြီး ရိုက်နေဦးမယ်"

"ဇော်ဖိုးလေး အိပ်နေလို့ အမေလာခပ်တာ၊ ကဲ....ထသား၊ မြန်မြန်ပြီးရင် စာကျက်ရမယ်၊ မေမေ များများ ခပ်ပေးမယ်နော်"

ထိုနေ့အဖို့ အောင်မောင်းသည် ပန်းပင်ရေလောင်းရန် နှစ်ခေါက်သာ ဟန်ပြဆွဲလိုက်ရသည်။ အမေကချည်း ခပ်ပေးသွား၏ ။ ရေအခေါက်နှစ်ဆယ်အစား ဆယ့်လေးခေါက်သာ ဆွဲရသဖြင့် အတော်ပျော်သွားသည်။ သို့သော် အမေပင်ပန်းခြင်းအတွက် စိတ်မကောင်းမိ။ အမေသည် ထမင်းချက်၊ အဝတ်လျှော်၊ ကြမ်းတိုက် စသော အောက်ခြေသိမ်း အလုပ်မျိုး စုံကိုလည်း လုပ်ရသေး၏ ။ ထိုတာဝန်များ အပြင်သားကြီး အောင်မောင်း၏ ရေခပ်တာဝန်ကိုပါ လာကူသေး၏ ။ အမေ့ကို သနားမိသည်၊ အမေ့ကို သနားသဖြင့်လည်း ရေထဲတွင် ကူးနေရာမှ မြန်မြန်လက်စသတ်ကာ ဆပ်ပြာခွက်ကို ယူပြီး ပြန်လာခဲ့၏ ။ သူ ရေချိုး နောက်ကျနေလျှင် ကြီးတော်ကြီးသည် အမေ့ကို ဗျစ်တောက်ဗျစ်တောက် လုပ်ဦးမည်။

သူအိမ်ရောက်သောအခါ ဘကြီးရေချိုး နေလေပြီ။ ရေချိုး ခန်းထဲမှ

ရေသံတဖွမ်းဖွမ်းကို ကြားတိုင်း အောင်မောင်းရင်ထဲတွင် ဟီဟိ...ဟီဟိဟု မြည်၏ ။ ပျော်၏ ။ ကြီးတော်ကြီးကားရှံ့ရေတွေကို ချိုး ပြီး၍ သနပ်ခါးခြေဆုံးခေါင်းဆုံးလိမ်းပြီးနေပေပြီ။ အမေလည်း ကမ်းနားဆိပ်သို့ ရေသွားချိုး ရာမှ ပြန်လာလေပြီ။

*****

ထမင်းဝိုင်းသည် အသင့်ဖြစ်နေလေပြီ။ အမေ့လက်ရာဖြစ်သော သင်းပျံ့သော ဟင်းနံ့တို့သည် အောင်မောင်း၏ နှာဝကို ချနေ၏ ။ တစ်ညနေလုံး ပင်ပန်းနေသောကြောင့် အောင်မောင်း၏ ဝမ်းဗိုက်သည် ဟာနေလေပြီ။ အမေသည် ထမင်းပွဲပြင်ပြီး နောက် ဇော်မိုးလေး၏ လက်နှင့် ပါးစပ်ကိုဆေးကြောပေးနေ၏ ။ ကြီးတော်ကြီးသနပ်ခါးလိမ်းမပြီးသေးသောကြောင့် ဘယ်သူမှ ထမင်း မစားရသေးပါ။ ဘကြီးစွပ်ကျယ်အင်္ကျီကို ဝတ်ရင်း ကြီးတော်ကြီးကို စောင့်နေ၏ ။ မျက်နှာများ မှာ မသာယာလှ။ "ဒီတစ်ပတ်တော့ လွတ်နာသွားတာပဲ" ဟုဘကြီးက ညည်း၏ ။ "ရှင်က ရန်ကုန်ဈေးမှ မစုံစမ်းဘဲ" ဟုကြီးတော်ကြီးက ပြန်ပြောလိုက်သံကို အောင်မောင်းကြားနေရသည်။

အိမ်ရှိလူကုန် မျက်နှာစုံညီဆုံရာဖြစ်သော ထမင်းဝိုင်းစလေပြီ။ အားလုံးသည် ငြိမ်သက်နေ၏ ။ ကြမ်းပြင်ပေါ်ချခင်းထားသော ထမင်းခုံ (စားပွဲဝိုင်းအပု) ၏ ခေါင်းရင်းပိုင်းတွင် သင်ဖြူး ဖျာတစ်ချပ် ခင်းပြီး ဘကြီးနှင့် ကြီးတော်ကြီးတို့ ထိုင်ကြ၏ ။ မေမေနှင့် အောင်မောင်းတို့က သစ်သား ဖင်ထိုင်ခုံကလေးများ ဖြင့် ထိုင်စားရ၏ ။ ဇော်မိုးကလေးကာ ကြမ်းပြင်ပေါ်တွင် ခြေဆန့်ထိုင်ရင်း သူ့ပေါင်နှစ်လုံးကြားတွင် ထားသော ဇလုံထဲမှ ထမင်းကို ယူကာယူကာ စား၏ ။

တိတ်ဆိတ်နေသော ထမင်းဝိုင်းကလေး၊ အောင်မောင်းသည် ကြီးတော်ကြီး ခပ်ထည့်ပေးသမျှ ဟင်းနှင့် ငါးပိရည်တို့ကို နယ်ဖယ်ပြီး အားရပါရစား၏ ။ မေမေကလည်း သူ့ပန်းကန်ထဲမှ ဟင်းများ ကို ဇော်မိုးလေး၏ ဇလုံထဲသို့ ထည့်ပေးလိုက်ပေးလိုက် လုပ်နေ၏ ။

တိတ်ဆိတ်နေသော ထမင်းဝိုင်းကို စတင်ဖောက်ဖျက်လိုက်သူမှာ ဇော်မိုးလေး

ဖြစ်၏ ။ သူကား စကကား ပြောတတ်ခါစ အရွယ်၊ အမေထည့်ပေးလိုက်သော ဘဲဥတစ်ဖဲ့ကို အရသာတွေ့သွားပုံရ၏ ။ အမေ့ကို မော်ကြည့်ပြီး 'အု....အု' နှင့်တောင်းလေသည်။ အမေလည်း သူ ပန်းကန်ထဲမှ ဘဲဥတစ်ခြမ်း၏ အနှစ်ကို ထုတ်ကာ ထမင်းနှင့် နယ်ပြီး ဇော်ဖိုးလေးပန်းကန်ထဲ့သို့ထည့်ပေးလိုက်၏ ။ ဇော်ဖိုးလေးလည်း ပလုတ်ပလောင်းစားပြီး ကုန်သွားသောအခါ 'အု အု' ဟု ထမင်းဝိုင်းသို့ လက်ညှိုး ထိုးပြန်၏ ။ အမေလည်း သူ့ပန်းကန်ထဲတွင်ရှိသော ဘဲဥ ကလေးတစ်ဖဲ့ကို ဇော်မိုးလေး ဇလုံထဲသို့ ထည့်ပေးလိုက်ပြန်သည်။

ဇော်ဖိုးလေးကလည်း ထိုဘဲဥ အကာကလေးစ်ဖဲ့ကို တစ်လုတ်တည်း ကုန်အောင်စားပြီး ထပ်တောင်းပြန်သည်။ အမေက ကြီးတော်ကြီးနှင့် ဘကြီးမျက်နှာကိကို ကွက်ခနဲကြည့်ပြီး ဟင်းပန်းကန်ထဲမှ ဘဲဥတစ်ခြမ်းကို ဇွန်းနှင့် တစ်ဝက်ဖဲ့ယူလိုက်၏ ။ ပြီးလျှင် အနှစ်များ ကို ထမင်းနှင့် နယ်ကာ ဇော်ဖိုးလေးကို ကျွေးလိုက်ပြန်သည်။

ဇော်ဖိုးလေးက လောဘအိုး၊ ဘဲဥကို သူ့ခွံတွင်းတွေ့လေပြီ။ အနှစ်နှင့် နယ်ထားသော ထမင်းကို အားရပါးရစားပြီး ထမင်းဝိုင်းသို့ လက်ညှိုး ထိုးကာ 'အု...အု' ဟု တောင်းပြန်သည်။ အမေကလည်း သူသားငယ်ရွှေသွေးစားဖို့အတွက် သူစားမည့်ဟင်းထဲမှ ပေးရန် ဟန်ပြင်ပြန်သည်။

ဤတွင် မမျှော်လင့်သော မုန်တိုင်း ကျရောက်လာသည်။ ကြီးတော်ကြီးသည် စားလက်စ ထမင်းလုတ်ကို ပန်းကန်ထဲ ပစ်ချလိုက်ပြီ နေရာ ရုတ်ခြည်းထကာ ဇော်ဖိုးလေးကို လက်မောင်းရင်းမှ ကိုင်မြှော က်ရင်း ထမင်းစားဝိုင်းနှင့် ဝေးရာသို့ ဆွဲဖယ်လိုက်၏ ။ ပြီးလျှင် ဇော်ဖိုးလေး၏ ကျောပြင်ကို ဖြန်းခနဲ ဖြန်းခနဲ လက်ဝါးဖြင့် ရိုက်လေတော့သည်။ ကြီးတော်ကြီး၏ လက်သည် ထမင်းဟင်းများ ပေကျံနေသော ကြောင့် ဇော်ဖိုးလေး၏ စွပ်ကျယ်အကျီကလေးပေါ်တွင် လက်ဝါးရာများ အထင်သား ပေါ်လာသည်။

"စားချင်ဦးဟဲ့ ဘဲဥ...ဖြန်း....ဖြန်း"

"တောင်းဦးဟဲ့ ဘဲဥ...ဖြန်း.....ဖြန်း"

ကြီးတော်ကြီး၏ ညာလက်က ဇော်ဖိုးလေးကို လက်မောင်းကိုကိုင်ထားရာမှ လွှတ်လိုက်သောအခါ ဇော်ဖိုးလေးသည် ကြမ်းပြင်ပေါ်သို့ ဝမ်းလျားထိုးကျသွား၏ ။ ပါးစပ်ထဲမှ စားဆဲ ဝါးဆဲ ဘဲဥနှင့် ထမင်းများ သည် ကြမ်းပြင်ပေါ်သို့ ထွက်ကျလာသည်။

ကြီးတော်ကြီးကား ကလေးကိုက အညှီအဟောက် လိုက်ယ်၊ သံထိုးပြီး သေမယ် ဟု မကျေမချမ်းပြောပြီး ထမင်းဝိုင်းသို့ ပြန်ထိုင်လိုက်၏ ။ ဘကြီးသည် မျက်နှာမကောင်းလှစွာ နှင့် မစောကလဲကွာ ဟု တစ်ချက် ပြောပြီး လက်ဆေးကာ ထမင်းဝိုင်းမှ ထသွားသည်။ အမေလည်း စားလက်စ ပန်းကန်ကို ခွေးစားခွက်ထဲ သွန်ထည့်ကာ ဆေးကြောပြီးနောက် ပန်းကန်စင်တွင် ထောင်လိုက်၏ ။ ပြီး- ကြမ်းပြင်ပေါ်တွင် ဝမ်းလျားမှောက်ကာ ငိုနေသော ဇော်ဖိုးလေးကို ကောက်ချီလိုက်၍ နောက်ဖေးဘက် ထွက်သွားတော့၏ ။ ထမင်းဝိုင်းတွင်ကား ကြီးတော်ကြီးနှင့် အောင်မောင်းတို့ နှစ်ယောက်တည်း၊ စောစောက ဇော်ဖိုးလေး စားနေသည်ကိုကြည့်ပြီး ကြည်နူးနေမိသော စိတ်တို့ အောင်မောင်းရင်ထဲမှ ခွာပြေးလေပြီ။ သူလည်း ထမင်းမစားနိုင်တော့၊ ထထွက်သွားချင်လှပြီ။ သို့သော် ကြီးတော်ကြီးက ဆော်မလော်တီးမှာ ကြောက်၍ ဟန်မပျက် ဆက်စားပြနေရသည်။

ထမင်းဝိုင်း လက်စသတ်မှ အမေပြန်လာသည်။ ကြီးတော်ကြီးနှင့် ဘကြီးတို့၏ ထမင်းပန်းကန်များ ကို အောင်မောင်းက ကူဆေးပေးလိုက်၏ ။ အမေသည် မျက်ရည်အသွင်သွင်ကျလျက်က ထမင်းဝိုင်းကို ပြီးအောင် သိမ်းနေလေသည်။

အောင်မောင်းရင်ထဲတွင် မှိုင်းနေ၏ ။ သို့သော် ထမင်းစားပြီးလျှင် စာကျက်ရမည်၊ စာမကျက်လျှင် ကြိမ်လုံး။

*****

ညကိုးနာရီထိုးသောအခါ သူ့အတွက်ပေးထားသည့် ရေနံဆီမီးခွက်ကလေးကို မှုတ်လိုက်ပြီး အိပ်ရာဆီ လာခဲ့၏ ။ ညစ်ပေသော ခြင်ထောင်၊ အနားစုတ်နေသော သင်ဖြူး ဖျာနှင့် စုတ်ချာသော ခေါင်းအုံး။

အမေသည် ဇော်ဖိုးလေးကိုဖက်ရင်း အိပ်ပျော်နေဟန်ရှိ၏ ။ သို့နှင့်

အမေ့ဘေးသို့ ဝင်ကာ အိပ်လိုက်၏ ။ သို့သော် အောင်မောင်း အိပ်မပျော်ပေ။ သူ့စိတ်အာရုံတွင် နေ့လယ်က ကိုဖိုးခွေ လိမ်တိုင်၍ အရိုက်ခံရပုံ၊ ညနေ ထမင်းဝိုင်းတွင် ဇော်ဖိုးလေးကို ကြီးတော်ကြီးက တရွတ်တိုက် ဆွဲသွားပုံ၊ ကျောပြင်ကို ရိုက်လိုက်သဖြင့် ထမင်းများ အန်ကျလာပုံများ ကို ပြန်မြင်ယောင်နေ၏ ။ ဆယ်နှစ်အရွယ် ကလေးငယ်၏ မျက်လုံးထဲတွင် မျက်ရည်များ ပြည့်လာလေသည်။ မျက်ရည်ကျရင်း ဝမ်းနည်းလာ၏ ။ အဖေ့ကို တ မိ၏ ။ အဖေကော.....။

အဖေ့ကို မမြင်ရသည်မှာ ကြာလေပြီ။ အားကိုးစရာဟူ၍ အဖေတစ်ယောက်သာရှိရာ အဖေ ဘယ်မှာ ပါနည်း။ ပြင်ခရိုင်တွင် ကုန်ကူးနေသည်ဟု အမေပြောသည်။ ပြင်ခရိုင်ဆိုသည်မှာ သူတို့ မလိုက်နိုင်လောက်အောင် ဝေးသလား၊ သူတို့ကို ခေါ်မထားနိုင်လောက်အောင် အဖေ ဆင်းရဲနေသလား။

ဝမ်းနည်းလွန်းသဖြင့် ရင်ထဲတွင် လှိုက်ကာ ရှိုက်လိုက်မိသည်။ အသံသဲ့သဲ့ ထွက်သွားသဖြင့် ခေါင်းနားပန်းကြီးက ပါးစပ်းကို အတင်း စေ့ထားဂင်း ကျိတ်ရှိုက်ရ၏ ။ ငိုသံကြားသွားမှဖြင့်.....

သို့သော် အမေသည် သူ့ကို ဆွဲလှည့်လိုက်ပြီး ရင်ခွင်ထဲ သွင်းကာ ဖက်ထားလိုက်၏ ။

"သား....လူလေး၊ အောင်မောင်း"

"ဗျာ "

အမေ့ခေါ်သံကော အောင်မောင်းထူးသံပါ ငိုသံပါနေ၏ ။

"ငိုနေလား"

အောင်မောင်း ဘာမှပြန်မဖြေ။

"မငိုပါနဲ့သား‌ရယ်၊ မင်းညီလေး မိုက်လို့ရိုက်တာ ရိုက်ပါစေ"

"အောင်မောင်းကား တိတ်ဆိတ်မြဲ။"

"အမေ သွားတော့မယ်"

"ဟင်....ဘယ်လဲ"

"ခမ္မိကာရုံ ကျောင်းက ဇရပ်မှာ မင်းဘွားဘွားတို့နဲ့ ဖြစ်သလိုသွားနေတော့မယ်"

"ကျွန်တော်လဲ လိုက်မယ်"

"မင်းလိုက်လို ဘယ်ဖြစ်မလဲ လူလေးရဲ့ ၊ သားကကျောင်းတတ်ရဦးမှာ ၊ ကျောင်းမပျက်စေနဲ့ ပညာသင်နော်"

"လိုက်မယ် အမေရယ်၊ ကျွန်တော် မနေချင်ဘူး"

"ဘာလို မနေချင်ရမှာ လဲ သားရယ်၊ အမေက ဒီမှာ ပျင်းလို ဇရပ်ကို ခဏသွားလည်မှာ ကွဲ့"

"ဟင့်အင်း ကျွန်တော်လဲ လိုက်မယ်၊ ကြီးတော်ကြီးနဲ့ မနေချင်ဘူး"

"သားဒီလို စိတ်မျိုး မထားကောင်းဘူး၊ သူတို့ ဒီတစ်ပတ် ရန်ကုန် မီးသွေးပို့တာ ရန်ကုန်မှာ ဈေးကျနေတာနဲ့မိလို့ အတော်ရှုံးသွာတယ်၊အဲဒါကြောင့် သူတို့ စိတ်ညစ်နေတုန်းမို့လို လူလေးရယ်၊ သားကို ထမင်းလဲ ကျွေးတယ်၊ "ပညာလဲ သင်ပေးတာပဲ၊ ခုဆိုသား လေးတန်တောင် ရောက်နေပြီ၊ စာကြိုး စားနော် သိလား"

"ဟုတ်ကဲ့ အမေ"

"မင်းအဖေ မရှိတော့ မျက်နှာငယ်တယ် လူလေးရယ်၊ မင်းက လိမ်လိမ်မာမာနဲ့ စာကြိုး စား၊ ကြီးတော်ကြီးကျေးဇူးကိုလဲ မမေ့နဲ့သိလား၊ သူတို့က တို့ကို ခုလိုကျွေးထားတာရော၊ မင်းကို စာသင်ပေးတာရော ကျေးဇူးတင်နော်.သား"

"ဟုတ်ကဲ့"

"လူဆိုတာ စိတ်အခန့်မသင့်တုန်းတော့ ဒီလိုပဲ သားရယ်၊ သားစိတ်မကောင်းမဖြစ်နဲ့နော်"

"ဟုတ်ကဲ့"

"အမေတော့ မင်းဘွားဘွားတို့နဲ့ မတွေ့ရတာ လဲ ကြာပြီ၊ ဒါကြောင့် ဇရပ်သွားနေလိုက်ဦးမယ်နော်"

"ဘယ်လောက်ကြာမလဲ အမေ"

"သိပ်မကြာပါဘူးကွယ်၊ မင်းအဖေပြန်လာရင် လာခဲ့မှာ ပေါ့၊ ကဲ သား အိပ်တော့နော်၊ အမေ မနက်အစောကြီး ထသွားမယ်"

အမေက အောင်မောင်းကို ဖက်ပြီးပါးကို နမ်းလိုက်သည်။ အောင်မောင်းကား ကလေးမဟုတ်တော့ပြီ၊ အမေဘာကြောင့် ဇရပ်သွားရသည်ကို သိပါသည်။ ထို့ကြောင့်ပင် မျက်ရည်များ ဝေလာပြန်သည်။ သူ့ပါးပေါ်မှာ တစ်ဆင့် ခေါင်းအုံးပေါ်သို့ ကျသွားကြသည်။ အမေ့မျက်ရည်များ ကလည်း သူ့ပါးပေါ်သို့ စီးကျလာသည်။

ထိုစဉ် တစ်ဖက်တွင် အိပ်နေသော ဇော်ဖိုးလေး၏ လူးလွန့်သံကို ကြားလိုက်ရသည်။ ထိုနောက် 'အု ....အု' ယောင်လိုက်သံကို ကြားရပြန်သည်။ 'အု....အု'။ ညီလေးရယ်.....။ အောင်မောင်း၏ ရင်ထဲတွင် နင့်သွား၏ ။ သူ့ကို ဖက်ထားသော အမေ့လက်သည်လည်း တွန့်ခနဲ ဖြစ်သွားသည်ကို သတိထားလိုက်မိသည်။ အမေသည် အောင်မောင်းကို လွှတ်လိုက်ပြီး တစ်ဖက်လှည့်ကာ ဇော်ဖိုးလေးကို တအား ဖက်လိုက်သည်။ ဖက်ထားရင်းက ငိုရှိုက်သံ ထွက်လာသည်။

"အမေ တိုးတိုး......တိုးတိုး"

အောင်မောင်းသည် အမေ့ကို ဖက်ရင်း သတိပေးမိ၏ ။ သို့သော် သူ ကိုယ်တိုင်လည်း အသံထွက်၍ ရှိုက်နေမိလေပြီ။ သန်းခေါင်ယံ၏ အမှောင်ထဲမှ ထိုသားအမိ၏ ရှိုက်သံကို အဝေးကပင် ကြားနာနိုင်ကြပါစေသတည်း။